
mgyoe.com



လူမျိုးထွန်း


# လူမျိုးထွန်းကဗျာများ

စိုးလင်းမြင့်စီစဉ်သည်။

mgyoe.com

9 789997 118240

mgyoe.com



ISBN 9789997118240
POEM76
9 789997 118240
1,500.00KS

mgyoe.com

လူမျိုးထွင့်ကဗျာများ။ လူမျိုးထွင့်
မျက်နှာဖုံးပန်းချီ - ဘငွေးကြည်
စာမျက်နှာ ၆၅ မျက်နှာ၊ ၁၄ · ၅ စင်တီ× ၂၀ · ၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဇူလိုင်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# လူမျိုးထွဋ်၏ကဗျာများ

## လူမျိုးထွဋ်

ပထမအကြိမ် ၂၀၁၃

mgyoe.com

mgyoe.com

ကဗျာစာသားများကို
ကဗျာရေးသူ၏ အာဘော်မထိခိုက်နိုင်သော
သတ်ပုံပြင်ဆင်ခြင်းမှလွဲ၍
အခြားသတ်ပုံများနှင့် အထားအသိုများအတွက်
ကဗျာဆရာ၏ ပိုင်ခွင့်အဖြစ်သတ်မှတ်လျက်
ပြုပြင်ထားခြင်းမရှိပါ။

mgyoe.com

mgyoe.com

# မာတိကာ


၁။ ကျွန်းမျော . . . . . . . . . . ၁

၂။ ငါးတစ်ကောင်အတွက် ပျံသန်းချိန် . . . . . . . . . . ၂

၃။ မြစ်ကမ်းနားကလူ . . . . . . . . . . ၄

၄။ မြစ်နားလမ်း . . . . . . . . . . ၅

၅။ ပိုးဟပ်တစ်ကောင် . . . . . . . . . . ၆

၆။ စပါးနှံများ . . . . . . . . . . ၇

၇။ ယိုစိမ့်မှုများ . . . . . . . . . . ၈

၈။ သတင်း . . . . . . . . . . ၁၀

၉။ ကြောင်တွေရဲ့မြို့ . . . . . . . . . . ၁၁

၁၀။ ကွယ်လွန်သူ ပြန်လာခြင်း . . . . . . . . . . ၁၃

၁၁။ ဝေလငါးကြီးသောင်တင်နေပုံ . . . . . . . . . . ၁၅

၁၂။ တန့်မနေတဲ့ လမ်း . . . . . . . . . . ၁၆

၁၃။ ဝေသော နှင်း . . . . . . . . . . ၁၈

၁၄။ တော . . . . . . . . . . ၂၀

၁၅။ ပူပူနွေးနွေး မိုးနေ့ . . . . . . . . . . ၂၁


mgyoe.com

mgyoe.com


၁၆။ ဒေါ်ပုံ . . . . . . . . . . . ၂၂

၁၇။ ကျေးဇူးတင်ပါသည် . . . . . . . . . . . ၂၃

၁၈။ ကိုယ်ဘာတွေ နားထောင်မိသလဲ . . . . . . . . . . . ၂၄

၁၉။ အနေအထိုင် . . . . . . . . . . . ၂၆

၂၀။ သစ်တစ်ပင် . . . . . . . . . . . ၂၇

၂၁။ သံသယများ . . . . . . . . . . . ၂၈

၂၂။ နံရံကပ် သတ္တဝါ . . . . . . . . . . . ၃၀

၂၃။ လေ . . . . . . . . . . . ၃၂

၂၄။ စက်မှုဖုန် . . . . . . . . . . . ၃၃

၂၅။ ကျွန်တော်တို့အကြောင်း . . . . . . . . . . . ၃၄

၂၆။ ပြဇာတ် . . . . . . . . . . . ၃၆

၂၇။ စိမ်းလန်းသော ဖူလိုင် . . . . . . . . . . . ၃၇

၂၈။ သားစိမ်းငါးစိမ်း . . . . . . . . . . . ၃၈

၂၉။ ယိုင်ရွဲ့ရွဲ့ပြုလုပ်ချက်များ . . . . . . . . . . . ၃၉

၃၀။ သံပတ်အရုပ် . . . . . . . . . . . ၄၀

၃၁။ တံခါးနှစ်ချပ်နဲ့ ပြတင်းပေါက် . . . . . . . . . . . ၄၂

၃၂။ ရှပ်အင်္ကျီလေးတစ်ထည် . . . . . . . . . . . ၄၃

၃၃။ ကျောင်းဆရာ . . . . . . . . . . . ၄၄

၃၄။ အကိုင်းအခက်များ . . . . . . . . . . . ၄၅

၃၅။ လမ်း . . . . . . . . . . . ၄၆

၃၆။ နေခြင်း . . . . . . . . . . . ၄၇

၃၇။ စံပယ်တွေ . . . . . . . . . . . ၄၈

၃၈။ မေဒေး . . . . . . . . . . . ၄၉

၃၉။ ပယောဂ . . . . . . . . . . . ၅၀

၄၀။ နေဝင်မိုးချုပ်တေး . . . . . . . . . . . ၅၁

၄၁။ ကြယ်တွေနဲ့ အင်္ကျီ . . . . . . . . . . . ၅၂

၄၂။ အဘိဓမ္မာညှ . . . . . . . . . . . ၅၃


mgyoe.com

mgyoe.com

၄၃။ ပေါင်တွေဟာ အလေးချိန်စီးတယ် . . . . . . . . . . . ၅၄
၄၄။ ထန်းတက်ဆာပေး . . . . . . . . . . . ၅၆
၄၅။ အင်းလျား . . . . . . . . . . . ၅၇
၄၆။ ငါးမျှားချိတ်များ လူများ ငါးများ . . . . . . . . . . . ၅၈
၄၇။ လူသေကောင်အတွက် ကဗျာ . . . . . . . . . . . ၅၉
၄၈။ လောင်မီး . . . . . . . . . . . ၆၁
၄၉။ အပ် . . . . . . . . . . . ၆၂
၅၀။ ဒေါက်ဖြုတ်လိုက်တဲ့ ကဗျာ . . . . . . . . . . . ၆၄

❒

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## ကျွန်းမျော

စိတ်ဓာတ်က နေရောင်ခြည်လို
စိုက်ခင်းထဲ ကျနေတယ်
ဘယ်လိုပဲ
အမြစ်တွယ် ထားထား
ဘဝဟာ ချဉ်ရုံပဲ။ ။

၂၀၁၈။

mgyoe.com

 mgyoe.com

# ငါးတစ်ကောင်အတွက် ပျံ့သန်းချိန်

မြို့ကို အပေါ်စီးကနေ ကြည့်ရအောင်
တောင်တန်းတွေကို ခဏငှားပါ။

ဒီပြားချပ်ချပ် ဖြစ်မှုထဲကနေ
ပျံတက်လိုက်ချင်ပါရဲ့။

မြစ်မင်းဟာ
သူ့ပျော့ဖပ်ဖပ် အရေပြားပေါ်မှာ
ငါးဖမ်းလှေတွေကို တင်လို့။

ဟိုမှာ ကုန်းကွကွ
မြစ်ကူးတံတားပေါ်ကနေ
ဟိုဘက် ကောက်ကွေ့ကွေ့လမ်းတွေထဲ
ငါးတွေ ဖြတ်သန်းသွားကြပြီ။

mgyoe.com

mgyoe.com



တွားသွားသတ္တဝါတစ်ကောင်အဖို့တော့
လှေကားအတိုင်း တက်သွားပြီး
လှေကားအတိုင်း ပြန်ဆင်းလာရုံ
နေ့တွေပဲ။

ဒီပြားချပ်ချပ် မြို့ထဲ
ပျံမတက်ရသေးခင်
ပျက်ကျ ခဲ့တဲ့ လေယာဉ်တွေလည်း
ရှိခဲ့ပါတယ်။ ။

၂၀၁၈။

mgyoe.com

 mgyoe.com

# မြစ်ကမ်းနားကလူ

တယောကလေး ချွဲသလို
ဘဝက မနွဲ့လှပါ
အကျယ်လောင်ဆုံး မြည်ဟိန်းသံတွေ
ဆိတ်ငြိမ်စွာ ခုခံနေပါတယ်
ခပ်တိမ်တိမ်တွေးပြီး
နက်နက်ရှိုင်းရှိုင်းလည်း ဆွေးပါသေးတယ်။ ။

၂၀၁၉။

mgyoe.com

mgyoe.com



## မြစ်နားလမ်း

ဘယ်တော့မှ အနည်မထိုင်တဲ့ မြစ်မှာ
လာငေးမိတယ်
ရေစီးသန်သန် မြစ်ထဲ
အဆွေးတွေ လွှတ်ချ
နွံရောင်ထနေတဲ့ ဘဝတွေ
ဒီရေကျ မြစ်လိုမလှပဘူး
ဆည်းဆာကို ကြည့်မယ်
စင်ရော်တွေ အစာကျွေးမယ်
ဒီနေ့ ပြဿမျှ ကုသိုလ်ဆိုတာ
ဒီလောက်ပါပဲ
ဆိုတာတွေ။ ။

၂၀၁၉။

mgyoe.com

mgyoe.com

# ပိုးဟပ်တစ်ကောင်

ငါ တောက်ချလိုက်တာ
ပိုးဟပ်တစ်ကောင်ပါ
ဒါပေမဲ့
ပိုးဟပ်မဟုတ်တော့တဲ့ ပိုးဟပ်တစ်ကောင်
အမှောင်ထဲ
တရှပ်ရှပ် အသံတွေကို ငေးစိုက်လို့
အခြားသော စိတ်အာရုံတစ်ခုနဲ့
အခြားသော တွေဝေမှုနဲ့
အခြားသော မျက်နှာတစ်ခုနဲ့
ထပျံသွားတာ တစ်ကောင်
ထွက်ပြေးသွားတာ တစ်ကောင်
ပက်လက်လန် ယက်ကန်နေတာ တစ်ကောင်။ ။

၂၀၁၈။

mgyoe.com

mgyoe.com



## စပါးနှံများ

စပါးနှံများ
သူ့လယ်ကွက်ကလေးထဲ
ရေရောက်လာဖို့
သွယ်တန်းခဲ့ပုံ
ငှက်ကလေးတွေအတွက်
စပါးနှံတွေပါ
ဒီနေ့ပူပြင်းထဲ
မင်းလေး ထမင်းဆာရော့မယ်။ ။

၂၀၁၈။

mgyoe.com

mgyoe.com

# ယိုစိမ့်မှုများ

ဘယ်လို
လေးလံနေနေ
တနင်္ဂနွေကိုတော့
လေထဲ
ချိတ်ဆွဲထားလိုက်တယ်။

ပန်းခြံထဲ ထိုင်မိတဲ့အခါ
ဆည်းဆာထဲ ငေးမောတဲ့အခါ
အဲဒီလို
ယိုစိမ့်မှုလေးများ။

ငါးကန်လေး
အလှမွေးရတာဖြစ်ဖြစ်
ပန်းပင်လေး
အလှစိုက်ရတာဖြစ်ဖြစ်
အဲဒီလို
ယိုစိမ့်မှုလေးများ။

mgyoe.com

mgyoe.com



ခေတ်သမိုင်းက
ကိုယ့်နောက်ကျောကို
သိုင်းဖက်ထားလည်း
လေထဲ ချိတ်ဆွဲထားမယ်။

ဘယ်လို
လေးလံပလေ့စေ။ ။

၂၀၁၈။

mgyoe.com

 mgyoe.com

# သတင်း

အနုပညာကို
အဂ္ဂိရတ်လို ထိုးနေတဲ့
နွားကျောင်းသားမှ မဟုတ်တာပဲ။

ဤမဟီမြစ်ကမ်းပါးမှာ
ခနိယနွားကျောင်းသားလို
မြည်တမ်းကြွေးကြော်လိုသူ။

ရှာလိုရှာလော့။

ဒီမိုးပိကျ နေပုံချည်း
ဒီနှင်းထုပိတ်ဆီးနေပုံချည်း။

ဒုတိယကမ္ဘာစစ်ထဲက
ဂျူးအကျဉ်းသားတစ်ယောက်လို
လူ့သမိုင်းရှည်ကြီးထဲ တန်းစီနေတယ်
ပေါင်မုန့်
အာလူး
နာဇီတွေ
လက်နက်ချပြီဆိုတဲ့ သတင်း။ ။

၂၀၁၈။

mgyoe.com

mgyoe.com



## ကြောင်တွေရဲ့မြို့

တစ်ညမှာ
လပြာ
ယောင်နနနဲ့
အသရေပျက်မှုနဲ့။

အရည်အချင်းပျက်ယွင်းသူ
မိုးသားတွေ
အပြည့်။

ငါ
စိတ်ကျစွာ
စိတ်ကြွစွာ
ရှူးသွပ်စွာ
မော့သောက်နေမိ။

လရယ်
မိုးသားရယ်
ငါရယ်
ရုပ်ဝန်းတစ်ခု
လမ်းကြောင်းတစ်သွယ်။

mgyoe.com

 mgyoe.com

စူးစူးဝါးဝါး
ကြောင်တစ်ကောင်
မာန်ဖီလိုက်တဲ့ အသံ။

မဟုတ်ဘူး
ကြောင်တစ်ကောင်မှာ
လူနာမည်ရှိသတဲ့။ ။

၂၀၁၈။

ဝန်ခံချက်။ ။ Murakami ၏ town of cats ကို ဘာသာပြန်သူ တေဇ(လရောင်လမ်း)၏ ကြောင်တွေရဲ့မြို့ကို နှစ်သက်၍ ယူသုံးပါသည်။ ဝတ္ထုနှင့် သက်ဆိုင်ခြင်း မရှိပါ။

mgyoe.com

mgyoe.com


## ကွယ်လွန်သူ ပြန်လာခြင်း

ဒီငနဲတွေ
မိုးတိမ်တွေဟာလေ
တစ်ချိန်လုံး
ရယ်ကျဲကျဲ လုပ်နေတော့တာပဲ။

နေရာစိပ်စိပ်
သူ့စိတ်နဲ့သူ ရွာပါစေ။

စိတ်ပါသည်ဖြစ်စေ
စိတ်မပါသည်ဖြစ်စေ
စွတ်စိုစိမ်းမြလိုက်ပါလေ။

နာနတ်သီးတွေလိုပဲ
ဝါဆိုဟာ ချိုပါတယ်။

mgyoe.com

gyoe.com

ကွန်ကရစ် အဆောက်အဦးကြီးတွေထဲ
လူတွေဟာ
သံသယမဲ့ စိမ့်ဝင်လို့။
နိုင်ငံတော်မှာ
အချိန်မတော် ပြန်ပြန်လာသူ။

တူးကေရှစ်တစ်သုံးသုံး*
ရောက်ပြီ
နှစ်သုံးဆယ်လည်း စေ့ပြီ။ ။

၂၀၁၈။

* တူးကေရှစ်တစ်သုံးသုံး=တက္ကစီ

mgyoe.com

mgyoe.com



## ဝေလငါးကြီးသောင်တင်နေမှုံ

အဲဒီစာအုပ်လိုပဲ
တစ်တိုင်းပြည်လုံးကို
နလပိန်းတုံး ထင်နေသလား။

ထင်ပါတယ်။

မိုးသက်လေပြင်းထဲမှာ
သစ်ရွက်ကလေးနဲ့ ကျောက်တုံးလေးပမာ
ဖုံးလိုက် ဖိလိုက်။

ထင်ပါတယ်။

ပလတ်စတစ်တွေ မျိုထားတဲ့ မြို့ကြီးပေါ့
ကိုယ့်ဘဝကိုယ် လာပြီး စွန့်ပစ်ကြ။
ထင်ပါတယ်။ ။

၂၀၁၈။

mgyoe.com

mgyoe.com

# တနုံ့မနေတဲ့ လမ်း

သဲချောင်းလေးခများ
အခုအခါ
သူ့ဘာသာ
ချို့ချို့ငဲ့ငဲ့ စီးဆင်းနေရပုံ
ရိုးမကို မေးရင်း
ရေစီးရေလာ ကြမ်းမိတယ်။

စောင့်မျှော်သူ မရှိရာ အရပ်က
စောင့်မျှော်ခံရသူ
ပြန်လာမလား မေးမိတယ်။

ရေထဲမှာ
ဆယ်လမွန်လူတွေ
လေထဲမှာ
ကြိုးကြာလူတွေ
အုပ်စုလိုက်
ကူးလို့ ခတ်လို့။

mgyoe.com

mgyoe.com



တစ်ကိုယ်ရေ
ဘယ်ဌာနေရောက်လို့ပါလိမ့်။

စုန်နေသလား
ဆန်မိသလား။ ။

၂၀၁၇။

mgyoe.com